ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
လွှတ်တော်

Hanns Seidel Foundation

Auswärtiges Amt



ISBN 978-99971-0-563-9

# လွှတ်တော်သို့ သွားကြစို့



ဤစာအုပ်ဖြစ်မြောက်ရေးကို ဟန်းဆိုက်ဒယ်ဖောင်ဒေးရှင်း၊
ဂျာမနီအောက်လွှတ်တော်၊ ဂျာမနီအထက်လွှတ်တော်နှင့်
ဂျာမနီ နိုင်ငံခြားဝန်ကြီးဌာနတို့က ထောက်ပံ့ကူညီပါသည်။

**ISBN** အမှတ်
978-99971-0-563-9

**ထုတ်ဝေသူ**
ဦးထွန်းထွန်းဟိန်၊ ဥက္ကဋ္ဌ၊ လွှတ်တော်များ
ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ပေါင်းစပ်ညှိနှိုင်း
ဆောင်ရွက်ရေးအဖွဲ့(JCC)

**သရုပ်ဖော်**
ကာကြီး

**အတွင်းဒီဇိုင်း**
သဒ်စတိုရီ ပရောဂျက်

**ပုံနှိပ်**
ရွှေပုံနှိပ်တိုက် (မြ-၀၀၆၃၂၆)

**အထူးအသိအမှတ်ပြုခြင်း**
လွှတ်တော်များ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ
ပေါင်းစပ် ညှိနှိုင်းဆောင်ရွက်ရေးအဖွဲ့(JCC)၊
သဒ်စတိုရီပရောဂျက် စာပေတိုက်၊ ဟန်းဆိုင်ဒယ်
ဖောင်ဒေးရှင်းမှ Achim Munz၊ Henriette Kuehnl၊
မြသက်နွယ်၊ မြသဥ္ဇာထက်

**နေပြည်တော် ၂၀၁၉ – ပထမအကြိမ်ထုတ်ဝေခြင်း**
ပြန်လည်ထုတ်ဝေခြင်း၊ ဖြန့်ဖြူးခြင်း နှင့်
ဘာသာပြန်ဆိုခြင်း မူပိုင်ခွင့်များအားလုံးကို
ဦးထွန်းထွန်းဟိန်၊ ဥက္ကဋ္ဌ၊ လွှတ်တော်များ
ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ပေါင်းစပ် ညှိနှိုင်း
ဆောင်ရွက်ရေးအဖွဲ့(JCC) ကပိုင်ဆိုင်သည်။





"တပည့်တို့ရေ ... ဒီနေ့ နေပြည်တော်ကို သွားကြရအောင်နော်။
နေပြည်တော်က ဆရာမတို့နိုင်ငံရဲ့ မြို့တော်ပဲ။
အဲဒီမှာ လွှတ်တော်တွေရှိတယ်။"





ဆရာမ -- “တပည့်တို့ရေ ဒါပြည်ထောင်စုလွှတ်တော်ကြီးပေါ့။ ဒီဝင်းထဲမှာပဲ ပြည်သူ့လွှတ်တော်နဲ့ အမျိုးသားလွှတ်တော်လည်း ရှိသေးတယ်။”

ကလေးများ -- “လှလိုက်တာ။ အကြီးကြီးပဲနော်။”

“အစ်မက အမျိုးသားလွှတ်တော်က အေးအေးပါ။”
“အစ်ကိုကတော့ ပြည်သူ့လွှတ်တော်က ပိုင်ပိုင်ပါ။”
“အစ်မကတော့ ပြည်ထောင်စုလွှတ်တော်က ပြည့်ပြည့်ပါ။”
“အစ်ကိုတို့အစ်မတို့က ကလေးတို့ကို ဒီနေ့ လွှတ်တော်ကို လိုက်ပြပေးကြမယ်။”






“ကိုကိုတို့ ပြည်သူ့လွှတ်တော်ကတော့
ကိုယ်စားလှယ်ပေါင်း (၄၄၀) ဦးရှိတယ်။”
“မမတို့ အမျိုးသားလွှတ်တော်မှာတော့
ကိုယ်စားလှယ်ပေါင်း (၂၂၄) ဦးရှိတယ်။


ပြည်ထောင်စုလွှတ်တော်
အမျိုးသားလွှတ်တော်
ပြည်သူ့လွှတ်တော်
“ပြည်သူ့လွှတ်တော်နဲ့ အမျိုးသားလွှတ်တော်တို့
ပေါင်းလိုက်ရင် ပြည်ထောင်စုလွှတ်တော်လို့
ခေါ်တယ်ကွယ့်။”

“မမ လွှတ်တော် ဆိုတာ ဘာလဲဟင်။”
“လွှတ်တော်ဆိုတာ ပြည်သူတွေရဲ့
ကိုယ်စားလှယ်တွေ စုဝေးတဲ့နေရာပေါ့
ညီမလေးရဲ့။”





"ဒီကိုယ်စားလှယ်တွေကတော့ သားတို့သမီးတို့ရဲ့ ဖေဖေ၊ မေမေတွေ၊ အစ်ကိုအစ်မတွေ၊ အမျိုးတွေက မဲပေးထားကြတာပေါ့။ သားတို့ သမီးတို့လည်း အသက် (၁၈) နှစ်ပြည့်တဲ့အခါ မဲပေးပြီး လွှတ်တော် ကိုယ်စားလှယ်တွေကို ရွေးချယ်ခွင့်ရှိတယ်။"

“အဲ့ဒီလို ရွေးချယ်ခံရတဲ့သူတွေက ပြည်သူ့လွှတ်တော်
ကိုယ်စားလှယ်နဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တွေ
ဖြစ်လာတယ်။ ဘယ်သူမဆို ကိုယ့်ရပ်ရွာအတွက်
အကျိုးပြုမယ့် ကိုယ်စားလှယ်ကို မဲပေးခွင့်ရှိတယ်။”





“မင်္ဂလာပါ ကလေးတို့။ အန်တီကတော့
ချင်းပြည်နယ်က လွှတ်တော်ကိုယ်စားလှယ်ပါ။
အန်တီ့လိုပဲ တခြား တိုင်းရင်းသား
လွှတ်တော်ကိုယ်စားလှယ်တွေလည်း ရှိကြတယ်။”




“သားတို့ သမီးတို့ လိုအပ်တာတွေ လုပ်ပေးနိုင်ဖို့ လွှတ်တော်ကော်မတီတွေလည်း ရှိသေးတယ်။ အန်တီတို့ လွှတ်တော်ကိုယ်စားလှယ်တွေဟာ ကော်မတီတွေမှာလည်း အလုပ်လုပ်ကြတယ်။ အန်တီကတော့ အမျိုးသမီးနဲ့ကလေးသူငယ် အခွင့်အရေးဆိုင်ရာ ကော်မတီက အဖွဲ့ဝင် တစ်ယောက်ပေါ့။ တခြားကိုယ်စားလှယ် တွေလည်း ကော်မတီအသီးသီးမှာပါဝင်ကြတယ်။”




"ရှေ့ကခုံကြီးပေါ်မှာ ဘယ်သူထိုင်တာလဲဟင်။"
"သူက ဥက္ကဋ္ဌပေါ့။ လွှတ်တော်တိုင်းမှာ ဥက္ကဋ္ဌ
နဲ့ ဒုတိယဥက္ကဋ္ဌ တစ်ယောက်စီ ရှိတယ်။
သူတို့က လွှတ်တော် ကိုယ်စားလှယ်တွေကို
ဦးဆောင်ပြီး လွှတ်တော်အစည်းအဝေးတွေ
ကျင်းပပေးတာပေါ့။ အဲ့ဒါ ပြည်ထောင်စု
လွှတ်တော်မှာဆိုရင် နာယကထိုင်တာပေါ့။"




"သားတို့သမီးတို့ ကောင်းကောင်းမွန်မွန်
စာသင်နိုင်ဖို့၊ ကစားနိုင်ဖို့၊ မုန့်စားနိုင်ဖို့ကို
ဒီဦးဦးဒေါ်ဒေါ်တို့က လွှတ်တော်ထဲမှာ
ဆွေးနွေးကြတယ်။"



“ကဲ…အခု သားတို့သမီးတို့ လွှတ်တော်နဲ့ပတ်သက်ပြီး ဘာများ သိချင်ကြသေးလဲ။”

“လွှတ်တော်ကိုယ်စားလှယ်တွေ ဒီကိုနေ့တိုင်းလာဖို့လိုလားဟင်။”

“လွှတ်တော်အစည်းအဝေးရှိရင် နေ့တိုင်းလာရတယ်။ လွှတ်တော်အစည်းအဝေးရပ်နားရင်တော့ သူတို့ဒေသကိုပြန်ပြီး အလုပ်လုပ်ကြတယ်။ လွှတ်တော်ကိုယ်စားလှယ်တွေက သူတို့ရပ်ရွာရဲ့လိုအပ်ချက်တွေကို ဂရုတစိုက် နားထောင်ပေးကြတယ်။ ပြီးရင် လွှတ်တော်မှာပြန်ပြီး တင်ပြဆွေးနွေးပေးတယ်။ ဒါဟာ လွှတ်တော်ကိုယ်စားလှယ်တစ်ယောက်ရဲ့ အရေးကြီးဆုံးအလုပ်ပဲ။”

ကဲ... သားတို့ သမီးတို့
နောက်တစ်ကြိမ်လာလည်ကြဦးနော်။



# ကလေးတို့ ဖြေဆိုရန် မေးခွန်းများ

ကလေးတို့အတွက်
ဘာကိစ္စတွေဟာ
အရေးကြီးဆုံးလဲ။



ကလေးတို့အတွက်
လွှတ်တော်ကိုယ်စားလှယ်တွေက
ဘာတွေလုပ်ပေးစေချင်သလဲ။





ကလေးတို့ရော ကြီးလာရင်
လွှတ်တော်ကိုယ်စားလှယ်
တစ်ယောက် လုပ်ချင်လား။



ကလေးတို့သာ
လွှတ်တော်ကိုယ်စားလှယ်
လုပ်မယ်ဆိုရင်
ဘယ်ကိစ္စတွေကို
ဦးစားပေးချင်လဲ။